## ဝါတွင်းကာလ စတုတ္ထတနင်္ဂနွေနေ့

ရှင်ယောဟန် ၉း ၁ - ၄၁

ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ မွေးရာပါ မျက်မမြင်တစ်ဦးကို သခင်ယေဇူးက သူ့မျက်စိကို ရွှံ့နဲ့လူးပြီး စီလွမ်လို့ခေါ်တဲ့ရေကန်မှာ ရေဆေးခိုင်းလိုက်တဲ့အခါ မျက်စိမြင်လာတာကို ဖတ်ရပါတယ်။ မျက်စိပြန်မြင်လာတဲ့အခါမှာတော့ သခင်ယေဇူးက သူ့နားမှာ မရှိတော့တာကြောင့် သူ့ကို ကုသပေးတဲ့သူဟာ သခင်ယေဇူးမှန်းသိထားပေမဲ့ သခင်ယေဇူးကို သူက မမြင်လိုက်ရပါဘူး။ မွေးရာပါမျက်မမြင်ကို မျက်စိကောင်းလာအောင်လုပ်ပေးလိုက်တဲ့ ဘုရားရဲ့တန်ခိုးတော်ကို လူတွေက အမျိုးမျိုး တုန့်ပြန်ကြတာကို တွေ့ရပါတယ်။ ပထမတုန့်ပြန်လာကြတဲ့အဖွဲ့ကတော့ သူ့အိမ်နီးနားချင်းတွေ ဖြစ်ပါတယ်။ အိမ်နီးနားချင်းတွေက သူ မွေးကတည်းက မျက်စိမမြင်တာကို သိကြတယ်။ တောင်းစားနေတာကို သိကြတယ်။ အခု မျက်စိမြင်လာတဲ့သူကိုယ်တိုင်က "ယေဇူးဆိုတဲ့သူသည် ရွှံ့အနည်းငယ်ကို ပြုလုပ်၍ ငါ၏မျက်စိကို လူးပြီးလျှင် စီလွမ်ရေကန်သို့သွား၍ ဆေးကြောလောဟု ဆိုပါ၏။ ထို့ကြောင့် ငါသည်သွား၍ ဆေးကြောသောအခါ မျက်စိပြန်မြင်လာပါသည်" ဟု ပြန်ဖြေလေ၏။ အိမ်နီးနားချင်းတွေကလည်း ယေဇူးဆိုတဲ့ဘုရားရှင်ကို ယုံကြည်လာရမည့်အစား အံ့ဩရုံနဲ့ပဲ ပြီးသွားပါတယ်။

ကျနော်တို့လည်း ယေဇူးဘုရားရှင် ပြတော်မူတဲ့တန်ခိုးတွေကို ကျမ်းစာတော်မြတ်မှ ဖတ်ရှုကြားနာရတဲ့အခါ အံ့ဩနေရုံပဲလား။ ယေဇူးဘုရားရှင်က မျက်စိမမြင်တဲ့လူကို ပြန်မြင်အောင် တန်ခိုးနဲ့ လုပ်တာမပြောနဲ့ သေတဲ့လူကိုတောင် သေရာမှ ပြန်ရှင်စေနိုင်တဲ့ဘုရားဖြစ်တယ်ဆိုတာကို သိကြပြီးသား ဖြစ်မှာပါ။ ဒါကို သင်က အံ့ဩပြီး ပြီးရောလား။ သင့်ရဲ့ဘုရားရှင် အသက်ပေးနိုင်တဲ့ဘုရားရှင်ဖြစ်တယ်ဆိုတာကိုရော မယုံကြည်တော့ဘူးလား။

မျက်စိပြန်မြင်စေတဲ့ ယေဇူးဘုရားရှင်ရဲ့တန်ခိုးကို တုန့်ပြန်လာတဲ့ ဒုတိယအဖွဲ့ကတော့ ဖါရီဇေဦးအဖွဲ့ပဲ ဖြစ်ပါတယ်။ဖါရီဇေဦးတွေက ယေဇူးဘုရားရှင်ကို ယုံကြည်ရမှာစိုးရိမ်လို့ အမျိုးမျိုး မေးမြန်းပြီး မျက်စိပြန်မြင်အောင်လုပ်ပေးတဲ့ယေဇူးဟာ ဘုရား မဟုတ်နိုင်ဘူး၊ လူကောင်း မဟုတ်နိုင်ဘူးလို့ ပြောချင်နေကြပါတယ်။ ဒါပေမဲ့ သူတို့က ဘယ်လောက်ပဲ ငြင်းပယ်နေပါစေ မွေးရာပါမျက်မမြင်ကတော့ ပြန်မြင်သွားပြီ၊ ယေဇူးဘုရားရှင်အပေါ် ယုံကြည်သက်ဝင်ပြီး သူ့ဘဝတစ်လျှောက်လုံး ဘုရားကို ယုံကြည်ကိုးကွယ်သူအဖြစ် ပြောင်းလဲသွားပါပြီ။ ဖါရီဇေဦးတွေကတော့ မယုံရအောင်လို့ အမျိုးမျိုး စုံစမ်းမေးမြန်းနေပြီး အလုပ်ရှုပ်နေကြတုံးပါပဲ။ ကျနော်တို့လည်း ဘုရားရှင်ရဲ့တန်ခိုးကို ခံစားရပြီး ပြောင်းလဲသွားကြတဲ့ သူတော်ကောင်းတွေရဲ့ သက်သေခံချက်တွေကို သိနေကြားနေရဲ့သားနဲ့ ဘုရားကို လက်မခံချင်ကြဘူး၊ ကိုယ်တိုင် ပြုပြင်ပြောင်းလဲဖို့အတွက်လည်း စိတ်မဝင်စားကြဘူး။ တော်တော်ကန်းတဲ့လူတွေပဲ။ မျက်စိကောင်းနေရဲ့သားနဲ့ ဘုရားကို မမြင်ဘူး။ မွေးရာပါမျက်မမြင်ကမှ ယုတ္တိရှိရှိ စဉ်းစားတတ်သေးတယ်။ ဖါရီဇေဦးတွေက မျက်စိပြန်မြင်လာသူကို ဘယ်လိုပြောသလဲဆိုတော့ "မင်းကို မျက်စိပြန်ကောင်းစေတဲ့သူက လူကောင်း မဟုတ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက ဥပုသ်နေ့မှာ

မျက်စိကို ကုသပေးလို့ တဲ့ ။ ဥပုသ်နေ့မှာ အလုပ်မလုပ်ရဘူး။ ဒါကြောင့် မင်းကို ကုသပေးတဲ့ယေရှုဟာ ဘုရားသခင်ထံမှ ကြွလာတဲ့သူ မဖြစ်နိုင်ဘူး လို့ ပြောကြပါတယ်။ ဒီအခါ မွေးကတည်းက မျက်စိကန်းတဲ့သူက ဘာသာရေးပညာရှင်တွေကို ဘယ်လိုသင်ခန်းစာပေးလိုက်သလဲဆိုတော့ "ယေရှုဟာ အပြစ်ရှိသောသူဖြစ်တယ်ဆိုရင် ယေရှုတောင်းလျှောက်တဲ့အတိုင်း ဘုရားက တန်ခိုးလုပ်ပေးပဲ့မလား။ မွေးရာပါမျက်မမြင်ရဲ့မျက်စိကို ပြန်မြင်အောင် လုပ်ပေးနိုင်တယ်ဆိုတာ ကမ္ဘာဦးကတည်းက မကြားဖူးပါဘူး။ ဤသူသည် ဘုရားသခင်ထံတော်မှ ကြွလာသူမဟုတ်လျှင် သူသည် ဘာတန်ခိုးမှ လုပ်နိုင်မှာ မဟုတ်ပါဘူး" လို့ ပြောလိုက်ပါတယ်။ ဖါရိရှဲဦးတွေ မယုံနိုင်တာက သက်သေပြချက်တွေ မလုံလောက်လို့ မဟုတ်ပါဘူး။ သခင်ယေရှုရဲ့ ထင်ပေါ်ကျော်ကြားမှုကို မနာလိုလို့ ဘုရားကို လက်မခံချင်လို့သာ ဖြစ်ပါတယ်။ ရိုးသားတဲ့လူတိုင်းက ဘုရားကရဲ့တန်ခိုးကို မြင်ရရင် ချက်ချင်း အမှန်အတိုင်း ယုံကြည်ကြပါတယ်။ ကျနော်တို့လည်း သခင်ယေရှု သေရာမှပြန်ရှင်တယ်ဆိုတာ သိကြတယ်။ ဒါပေမဲ့ အားလုံးက မတုန်မလှုပ်ပါပဲ။ စကားထဲတောင် ထည့်မပြောကြပါဘူး။ဘာမှ ပြောင်းလဲမလာကြတာကိုတော့ အံ့သြမိတယ်။

မွေးရာပါမျက်မမြင်ကို ပြန်မြင်စေတဲ့တန်ခိုးကို မြင်ပြီးတော့ တုန့်ပြန်တဲ့တတိယအဖွဲ့ကတော့ မျက်မမြင်ရဲ့မိဘတွေ ဖြစ်ပါတယ်။ သူတို့ရဲ့သားကို သခင်ယေရှုက မျက်စိမြင်အောင် တန်ခိုးတော်နဲ့ ကုသပျောက်ကင်းစေလို့ မိဘတွေက သခင်ယေရှုကို ဘုရားအဖြစ် လက်ခံယုံကြည်ကြပေမဲ့ ဖါရိရှဲဦးတွေက လာမေးတဲ့အခါ သူတို့ယုံကြည်တာကို မပြောရဲကြဘူး။ သူတို့က ယုံတော့ယုံတယ်။ ဒါပေမဲ့ သူတို့ယုံတာကို သူတို့ သက်သေမခံရဲကြတဲ့အဖွဲ့ ဖြစ်ပါတယ်။

မွေးရာပါမျက်မမြင်ကို ပြန်မြင်စေတဲ့တန်ခိုးကို မြင်ပြီးတော့ တုန့်ပြန်တဲ့နောက်ဆုံးအဖွဲ့ကတော့ ကာယကံရှင် မျက်မမြင်ကိုယ်တိုင်ပါပဲ။ သူကိုယ်တိုင်ခံစားရတယ်။ ယေရှုဘုရားရှင်နဲ့ ကိုယ်တိုင်ထိတွေ့ခံစားရတယ်။ ဘုရားကို သိတယ်။ ဒ့ါကြောင့် ဘယ်သူကပဲ ဆန့်ကျင်နေပါစေ သူကတော့ သူယုံကြည်တဲ့အတိုင်း ဝန်ခံရဲတယ်။ ပြောင်းလဲရဲတယ်။ ဘုရား တကယ်ရှိတယ်ဆိုတာ လူတိုင်းကို သက်သေခံရဲတယ်။ ကျနော်တို့လည်း ဘုရားသခင်နဲ့ ထိတွေ့ခံစားမိအောင် အခြေအနေတွေပေးပါ။ မျက်မမြင်ရဲ့ယုံကြည်ခြင်းဟာ တဖြေးဖြေး တိုးပွါးလာသလို နောက်ဆုံးမှာ ယေရှုဘုရားရှင်ကို "သခင်၊ ကျွန်ုပ် ယုံကြည်ပါ၏" ဆိုပြီး ပျပ်ဝပ်ရှိခိုးပါတယ်။ ယေရှုဘုရားရှင်ကို ကျနော်တို့ဘဝတွေရဲ့ အရှင်သခင် ၊ ကျနော်တို့ကို ထာဝရအသက်ပေးပိုင်တဲ့ဘုရားအဖြစ် ယုံကြည်လက်ခံကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။